www.burmeseclassic.com


အဲသလို ဘာကိုရည်မှန်းရမှန်းလည်း မသိ။ ရောက်မယ်လို့လည်း မပြောနိုင်။ ငါ့စိတ်ကရော... အခု ငါ ဒါကို ရည်မှန်းချက်ထားပေမယ့် တော်ကြာ ငါ ဒါကို မလိုချင်တော့တာမျိုး ဖြစ်ချင် ဖြစ်အုံးမှာပဲ။ အဲသလို ဖြစ်ဘူးတာတွေလည်း ရှိခဲ့တာကိုး။ ရှိခဲ့တော့-ကိုယ့်ကိုယ်ကိုလည်း မယုံတော့ဘူး။ ဘာကိုမှ မယုံတော့လို့ ဘာမှ မပြတ်သားတဲ့လူဟာ ဘယ်မှာ အားတက်နိုင်တော့မလဲ။ ဒီပြဿနာတွေဟာ လူသားတစ်ယောက်အတွက် ပေါ့ပေါ့တန်တန် ပြဿနာတွေ မဟုတ်ဘူး။

## အောက်-ဖြစ်မှ ဖြစ်ရလေခြင်း

မျက်ကန်း ယုံကြည်မှုဟာ ဘယ်တော့မှ စိတ်ကို
တကယ်ကြည်လင်မှု၊ အေးချမ်းမှု၊ လေးနက်မှု၊ မဖြစ်စေနိုင်ဘူး၊
စိတ်ကို တကယ်လွတ်လပ် မှု မပေးနိုင်ဘူး ။ တကယ့်သတ္တိ
တကယ့်အင်အားကိုလည်း မပေးနိုင်ဘူး ။

ကဗျာလေးတစ်ပုဒ် ဖတ်ဖူးတာရှိတယ်။ တော်တော် ကောင်းပါတယ်။ အခုခေတ်လူတွေရဲ့ အခြေအနေကို ကောင်းကောင်း ဖော်ပြနေတယ်လို့ ဆိုနိုင်တယ်။

We are the hollow man.

hollow ဆိုတာ အထဲမှာ ဘာမှမရှိတာ။ လူနဲ့တူတဲ့ ပလပ်စတစ် ကော်ရုပ်ဆိုရင် အပေါ်ယံမှာ လူနဲ့တူနေပေမယ့် အထဲမှာ ဘာမှမရှိဘူး၊ အဲဒါကို hollow လို့ ခေါ်တယ်။

We are the stuffed man.

stuffed man ဆိုတာ ဥပမာ- အဝတ်နဲ့ လူရုပ်လုပ်ထားပြီးတော့ ဝါဂွမ်းလို သိုးမွေးလိုဟာမျိုးတွေ ဖြည့်ထားတာရှိတယ်။ အပေါ်ယံ ကြည့်လိုက်ရင်တော့ ဝဝဖြိုးဖြိုး အပြည့်ကြီးပဲ။ အထဲမှာ ဝါဂွမ်းပဲရှိတယ်၊ အဲဒါကို stuffed man လို့ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



Leaning together

တစ်ယောက်နဲ့တစ်ယောက် မှီပြီးနေကြတယ်။ သူကလည်း hollow ကိုယ်ကလည်း hollow။ hollow အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် မှီနေကြတယ်။

Head piece filled with straw. Alas!

ခေါင်းပိုင်းထဲမှာ ကောက်ရိုးတွေနဲ့ပဲ ဖြည့်ထားတယ်။ အော်-ဖြစ်မှ ဖြစ်ရလေခြင်းနော်။

T.S. Eliot ဆိုတဲ့ကဗျာဆရာက အခုခေတ်လူတွေရဲ့ အခြေအနေကို စကားလုံးလေး နဲနဲလေးနဲ့ ရေးပြလိုက်တာပဲ။ ၁၉၂၅ မှာ ရေးခဲ့တာ၊ ၇၅နှစ် လောက် ရှိသွားပြီ။ ဟိုတုန်းကတောင်မှ လူတွေက hollow ဖြစ်နေတယ်လို့ သူ မြင်ခဲ့တယ်၊ အခုဆို ပိုပြီးတော့တောင် hollowဖြစ်နေတယ်။ ဘာကို တန်ဖိုးထားရမှန်း မသိတော့ဘူး၊ ဘာကိုမှ တန်ဖိုး မထားနိုင်တော့ဘူး။

ဒီခေတ်မှာက- အဲသလို မရေရာမှုတွေ များလာတာဟာ ဘယ်သူ့ကိုမှတော့ အပြစ်တင်လို့ မရဘူး။ အရင်တုန်းကလူတွေက ကိုယ့်အရပ် ကိုယ့်ဒေသမှာပဲ နေပြီးတော့ ကိုယ့်အရပ် ကိုယ့်ဒေသမှာပဲ ယုံကြည်လက်ခံထားတဲ့ ဘာသာတရားတို့ အတွေးအခေါ် အယူအဆတို့ကို ယုံကြည်လိုက်တာပဲ။ မှားလား၊ မှန်လားတော့ သူတို့ မသိပါဘူး။ ဒါပေမယ့် ယုံတော့ ယုံကြည်လိုက်တယ်။ ယုံကြည်လိုက်ပြီးတော့ ကိုယ့်ဘာသာတရားရဲ့ စေခိုင်းချက်၊ လမ်းညွှန်ချက်၊ သွန်သင်ဆုံးမမှုအတိုင်း ကျေကျေနပ်နပ်ပဲ နေလိုက်တယ်။ ဒါ လုပ်ရမယ်ဆိုရင် လုပ်တယ်၊ ဒါ မလုပ်ရဘူးဆိုရင် မလုပ်တော့ဘူး။ ကိုယ့်ဆရာသမား ကိုယ့်မိဘတွေရဲ့ သွန်သင်ဆုံးမမှုကိုလည်း ရိုရိုသေသေ နာခံလိုက်တယ်။ သိပ်လည်း မစဉ်းစားတော့ဘူး။ နေရထိုင်ရ လုပ်ရ ကိုင်ရ တာလည်း ရိုးရိုးပဲ နေကြထိုင်ကြတယ်။ simple life ဖြစ်တယ်။

ရှေးခေတ်က စာအုပ်တွေ မဂ္ဂဇင်းတွေ သတင်းစာတွေ သိပ်မဖတ်ကြဘူး။ ဖတ်စရာလည်း နဲတယ်။ စာအုပ်တွေ သတင်းစာတွေလည်း မဖတ်တော့ မသိဘူး။ သတင်းစာတို့ ရေဒီယိုတို့ T.V.တို့ မဂ္ဂဇင်းတို့ အခုခေတ်လို အများကြီး မရှိဘူး။ မရှိတော့ တခြားနေရာမှာ တခြားလူတွေ ဘယ်လို နေကြထိုင်ကြတယ်၊ တွေးကြ ခေါ်ကြတယ် ဆိုတာလည်း ကောင်းကောင်း မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



မသိတော့ ကိုယ့်ဒေသမှာ ဒီလို နေကြထိုင်ကြ ပြောကြဆိုကြ လုပ်ကြကိုင်ကြတာ၊ ဒီလိုယုံကြည်တာတွေဟာ အားလုံးပဲ ကောင်းပါတယ်လို့ လက်ခံလိုက်တယ်။ မသိလို့ လက်ခံလိုက်တာနော်။ ဒါပေမယ့် ဘာပြောပြော၊ စိတ်နှစ်ခွ မဖြစ်ပဲနဲ့၊ စိတ်ထဲမှာ လွန်ဆွဲမနေရပဲနဲ့ တစ်ခုခုကို အေးအေး ဆေးဆေးလေး လက်ခံလိုက်ရတာ စိတ်တော့ တော်တော်သက်သာတယ်။

သူ လက်ခံထားတာ မှန်ချင်လည်း မှန်မယ်၊ မှားချင်လည်း မှားမယ်။ မပြောနိုင်ဘူး၊ မပြောနိုင်ပေမယ့် စိတ်တော့ သက်သာနေတယ်။ ကိုယ့်အနားမှာ ရှိတဲ့လူတွေ ကိုယ့်ရပ် ကိုယ့်ရွာကလူတွေ အားလုံးလည်း ဒီလိုပဲ ယုံကြည်တယ်၊ ယုံကြည်မှုချင်း တူနေတယ်။ တူနေတော့ လုပ်စရာ ကိုင်စရာရှိရင် အတူတူပဲ လုပ်လိုက်ကြတာပဲ။ တစ်ယောက်နဲ့တစ်ယောက်လည်း သိပ်အငြင်းအခုံ လုပ်မနေကြဘူး။

အခုခေတ်ကျတော့ လူတွေဟာ တစ်နေရာနဲ့တစ်နေရာ သွားကြလာကြတာလည်း များတယ်။ Video တွေ T.V.တွေ သတင်းစာတွေ၊ မဂ္ဂဇင်းတွေ၊ တခြားတခြားလည်း နည်းမျိုးစုံနဲ့ အကြောင်းအရာမျိုးစုံကို မြင်နေ၊ ကြားနေရတယ်။ တစ်ခုနဲ့တစ်ခုကလည်း ဆန့်ကျင်ဖက်ဖြစ်နေတာတွေ အများကြီး မြင်နေကြားနေရတော့ ဘယ်ဟာမှန်သလဲ ဘယ်ဟာမှားသလဲဆိုတာ လွယ်လွယ်နဲ့ မဆုံးဖြတ်နိုင်တော့ဘူး။ အဲဒီတော့ စိတ်ထဲမှာ မရေရာတော့ဘူး။

ယဉ်ကျေးမှုချင်းကလည်း ရောကုန်တယ်။ တစ်မြို့ထဲမှာ ကြည့်မယ်ဆိုရင်လည်း ဒီဘက်လမ်းနဲ့ ဟိုဘက်လမ်းတောင်မှ ယဉ်ကျေးမှုက တူချင်မှ တူမှာ။ ဥပမာ–ရန်ကုန်မြို့လိုဆိုရင် ဒီဘက်လမ်းမှာက ယဉ်ကျေးမှုတစ်မျိုး၊ ဘာသာတရားတစ်မျိုး၊ အုပ်စုတစ်စု ရှိနေမယ်။ ဟိုဘက်လမ်းမှာ နောက်အုပ်စုတစ်စု ဖြစ်သွားပြီ။ သူကလည်း သူ့ဟာသူယုံကြည်ပြီး လုပ်ချင်တာ လုပ်နေတယ်။ ကိုယ်ကလည်း ကိုယ့်ဟာကိုယ်ယုံကြည်ပြီး လုပ်ချင်တာ လုပ်နေတယ်။ သူ့ယုံကြည်မှုနဲ့ ကိုယ့်ယုံကြည်မှု မတူဘူး။

အဲသလို မတူတော့ ဘယ်ဟာ ပိုကောင်းသလဲ မပြောနိုင်ဘူး။ မဝေခွဲနိုင်တဲ့အခါမှာ ဘာလုပ်ရမလဲ။ တစ်ခုခုကို မျက်ကန်းယုံကြည်မှုအတိုင်း ယုံကြည်လိုက်ရရင် ကောင်းမလားဆိုတော့ မကောင်းဘူး။ အဲဒါ ဖြေရှင်းပုံမှာ မရှိဘူး။ မျက်ကန်း ယုံကြည်မှုဟာ ဘယ်တော့မှ စိတ်ကို တကယ်ကြည်လင်မှု၊